# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ
# (၂၀၁၃ ခုနှစ် ၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁ ။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

## နိဒါန်း

နိုင်ငံတော်တွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး၊ ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်းကိန်းဂဏန်းများတိကျမှန်ကန်ရေးစသည့် စီးပွားရေးမူဝါဒ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆင်းရဲချမ်းသာကွာဟမှုလျော့နည်းရေး၊ ပြည်သူလူထု၏လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေး စသည့်လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး မျှော်မှန်းချက်များကို ဖော်ပြပါစီးပွားရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ တိုင်းဒေသကြီးလွှတ်တော်သည် ငါးနှစ်စီမံကိန်း၏တတိယနှစ်ဖြစ်သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ဥပဒေကိုပြဋ္ဌာန်းလက်သည်။

## အခန်း(၁)
## အမည် စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ၂၀၁၃ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ ဒေသ၏လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်၍မည်မျှတိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ ယင်းစီမံကိန်းများ၌အနှစ် (၃၀) နှစ်ရှည်စီမံကိန်း၊ကာလတို (၅)နှစ်စီမံကိန်းနှင့် ယင်းစီမံကိန်းများကိုနှစ်စဉ်အကောင်အထည်ဖော်မည့်နှစ်စဉ်စီမံကိန်းများပါရှိသည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း တိုင်းဒေသကြီးအတွက် ကဏ္ဍအလိုက် မည်၍မည်မျှဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည။

(ဃ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၈. ၀ ရာခိုင်နှုန်း တိုးတက်စေရန်။

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၀. ၈ ရာခိုင်နှုနး လျော့နည်းထုတ်လုပ်ရန်။

(၂) သားငါးကဏ္ဍတွင ၇. ၂ ရာခိုင်နှုန်း တိုးတက်ရန်။

(၃) သစ်တောကဏ္ဍတင် ၅. ၂ ရာခိုင်နှုန်း တိုးတက်ရန်။

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၇. ၃ ရာခိုင်နှုန်း လျော့နည်းထုတ်လုပ်ရန်။

(၅) စက်မှုလက်မှုကဏ္ဍတွင် ၁၁. ၁ ရာခိုင်နှုန်း တိုးတက်ရန်။။

(၆) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၂၂. ၇ ရာခိုင်နှုန်း တိုးတက်ရန်။။

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၁. ၃ ရာခိုင်နှုန်း တိုးတက်ရန်။

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၃. ၀ ရာခိုင်နှုန်း တိုးတက်ရန်။

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၂၄. ၀ ရာခိုင်နှုန်း တိုးတက်ရန်။

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၂၂၁. ၀ ရာခိုင်နှုန်း တိုးတက်ရန်။။

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင ၁. ၅ ရာခိုင်နှုန်းတိုးတက်ရန်။

(၁၂) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၇ ရာခိုင်နှုန်း တိုးတက်ရန်။

(၁၃) ကုန်သွယ်မှုကဏ္ဍတွင ၆. ၅ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၇. ၂ ရာခိုင်နှုန်း မှ ၆. ၉ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၅. ၀ ရာခိုင်နှုန်းမှ ၄၅. ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၇. ၈ ရာခိုင်နှုန်းမှ ၄၇. ၂ ရာခိုင်နှုန်းသလည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်။

(ဃ) လူတစ်ဦးစီ၏ ပျမ်းမျှပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Per Capital GDP) ၁,၇၁၂,၉၈၃ ကျပ်သို့ ဖြစ်ပေါ်လာစေရန်။

## အခန်း(၃)

## အထွေထွေ

၅။ တိုင်းဒေသကြီးအစိုးရနှင့် တိုင်းဒေသကြီးအတွင်းရှိဌာနအဖွဲ့အစည်းများသည် ပုဒ်မ (၁)၊(၂)၊(၃) တို့တွင်ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ရန်ဖြစ်သည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအလိုက် ဒေသအတွက် လိုအပသောလုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက် နိုင်သည်။

၆။ တိုင်းဒေသကြီးအစိုးရနှင့် တိုင်းဒေသကြီးအတွင်းရှိဌာနအဖွဲ့အစည်းများသည် စီးပွားရေး စီမံကိန်းများကိုဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်း များကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသောစီမံကိန်းများကိုလည်း မျှတစွာထည့်သွင်း စီမံဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မြင့်ဆွေ

ဝန်ကြီးချုပ်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့